


福岡市 FUKUOKA CITY

မြန်မာဘာသာ ver.

# ဆွေးနွေးလိုသည့်အခါ

## ဖူကူအိုကာမြို့ နိုင်ငံခြားသားများ အထွေထွေ ဆွေးနွေးတိုင်ပင်မှု ကူညီပံ့ပိုးရေးစင်တာ

နေထိုင်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ အလုပ်အကိုင်ခန့်အပ်မှု၊ ဆေးဝါးကုသမှု၊ လူမှုဖူလုံရေး၊ မီးဖွားခြင်း၊ ကလေးပြုစုပျိုးထောင်ခြင်း၊ ကလေး၏ပညာရေး စသည်ဖြင့် နေထိုင်မှုဘဝနှင့်ပတ်သက်သည့် ဆွေးနွေးမှုအမျိုးမျိုးကို လူတွေ့သို့မဟုတ် ဖုန်းနှင့် ဝက်ဘ်တို့ဖြင့် လက်ခံဆောင်ရွက်ပေးပြီး သတင်းအချက်အလက်များပေးအပ်ခြင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံ လမ်းညွှန်ပေးခြင်းများ လုပ်ဆောင်ပါသည်။ ကျွမ်းကျင်သူများကဥပဒေဆွေးနွေးမှုများကို ဆောင်ရွက်နေပါသည် *ကြိုတင်စနစ်

ဘာသာစကား 24 မျိုးဖြင့် လက်ခံဆောင်ရွက်ခြင်း

**0120-66-1799** အခမဲ့

## ဖူကူအိုကာမြို့ဆေးကုသမှုစကားပြန်ခေါ်ဆိုမှုစင်တာ

ဆေးရုံရှာလိုသည့်အခါနှင့် ဆေးရုံ၌ ဆရာဝန်ဖြင့် စကားပြောမည့်အခါ၊ ဆေးရုံနှင့် ဆေးခန်းများမှ ဆေးလက်ခံရယူမည့်အခါတို့၌ ဖုန်းဖြင့် စကားပြန်ပေးခြင်းကို အသုံးပြုနိုင်ပါသည်။

၂၄နာရီ 24H

**092-733-5429** အခမဲ့

ဘာသာစကား 20 မျိုးဖြင့် လက်ခံဆောင်ရွက်ခြင်း

## ဖူကူအိုကာမြို့၏အုပ်ချုပ်ရေးရုံးလုပ်ထုံးလုပ်နည်းများကိုသိရှိခြင်း

စကားပြန်စင်တာတွင်လက်ခံပြီးနောက်၊ရပ်ကွက်ရုံးသို့ဆက်သွယ်ပေးမည် သင်၏လိပ်စာနှင့်အတူဆွေးနွေးမေးမြန်းချင်သောအကြောင်းကိုပြောကြားပါရန်

**092-753-6113**

ဘာသာစကား 23 မျိုးဖြင့် လက်ခံဆောင်ရွက်ခြင်း

# ဆေးကုသမှုအာမခံ· အခွန်နှင့်စပ်လျဉ်း၍

## ဆေးကုသမှုအာမခံနှင့်စပ်လျဉ်း၍

ဂျပန်နိုင်ငံ၌ နေမည့်သူများသည် "ဆေးကုသမှုအာမခံ" ထည့်ဝင်ထားရန် လိုအပ်ပါသည်။ အာမခံထည့်ဝင်ထားပါက ဆေးကုသမှုစရိတ် သက်သာပြီး ထည့်ဝင်မထားပါက စရိတ်ကြီးမည်ဖြစ်ပါသည်။

## အခွန်

အခွန်ကို ပြည်သူများ၏စားဝတ်နေရေးအတွက်(မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဘာသာစကားပေါင်းစုံပံ့ပိုးမှုများအတွက်) အသုံးပြုနေပါသည်။ အခွန်ပေးဆောင်ရန်အကြောင်းကြားစာကိုလက်ခံရရှိပါက ကွန်ဗီနီနှင့် ဘဏ်တို့၌ ပေးဆောင်ပါ။ စမတ်ဖုန်းဖြင့် လည်းကောင်း၊ ခရက်ဒစ်ကတ်ဖြင့် လည်းကောင်း ငွေပေးသွင်းနိုင်ပါသည်။

### အခွန်ပေးဆောင်ရန်အကြောင်းကြားစာ

အကြောင်းကြားစာရရှိမည့်ကာလ

**မြို့နှင့်ခရိုင်ခွန်သည် 6 လပိုင်း 15 ရက်နေ့ခန့်**

**အပေါ့စားမော်တော်ယာဉ်အခွန်သည် 5 လပိုင်း 15 ရက်နေ့ခန့်**

**သတိပြုရန်** အခွန်မဆောင်ပါက နေထိုင်ခွင့်အရည်အချင်းသက်တမ်းတိုးရာ၌ အားနည်းချက်ဖြစ်ခြင်း၊ ပိုင်ဆိုင်မှုများကိုသိမ်းယူခံရနိုင်ခြင်းများ ဖြစ်နိုင်ပါသည်။

# ဖူကူအိုကာမြို့၌ နေထိုင်ခြင်း

## ဂျပန်ဘာသာ Class Map

ဖူကူအိုကာမြို့ထဲတွင်ဆရာများကvolunteerဖြင့်သင်ကြား ပေးသောစာသင်ခန်းများစွာရှိပါသည်။ "ဂျပန်ဘာသာClass Map" ဖြင့်အနီးအနားရှိဂျပန်စာသင်ခန်းကိုရှာကြည့်ပါ စိတ်လက်ပေါ့ပါးစွာဖြင့် တက်ရောက်ကြည့်ပါ။

## ဖူကူအိုကာမြို့၏ ဂျပန်ဘာသာစကားလမ်းညွှန်

ဖူကူအိုကာမြို့၏ အချို့သော မူလတန်းနှင့် အလယ်တန်းကျောင်းများ၌ ဂျပန်ဘာသာစကား သင်ယူရန်လိုအပ်သည့်ကလေးများအတွက် ဂျပန်ဘာသာစကားသင်ယူနိုင်မည့် အတန်းချိန်များ ထည့်သွင်းပေးထားပါသည်။ ထိုကျောင်းများ၌မတက်သော ကလေးများသည်လည်း ထိုကျောင်းများတွင် ဂျပန်ဘာသာစကား သင်ယူနိုင်ပါသည်။

## ရပ်ကွက်နေထိုင်သူများအသင်း၏ လှုပ်ရှားမှု

"ရပ်ကွက်နေထိုင်သူများအသင်း" သည်၊အနီးဆုံးအဖွဲ့အစည်းဖြစ်သည် ပျော်ရွှင်ဖွယ်ရာပွဲတော်များကိုဆောင်ရွက်နေပါသည်။ပါဝင်၍ရပ်ကွက်တွင်းနေထိုင်သူများနှင့်သိကျွမ်းစေခြင်းဖြင့်၊ဘေးအန္တရာယ်၊ဒုက္ခရောက်ချိန်တွင်အချင်းချင်းကူညီနိုင်သောဆက်ဆံရေးကိုပြုလုပ်ထားကြရအောင်

## ကျူုတာ ပရိုဂရမ်

ကျူုတာသည် သင်၏နေ့စဉ်နေထိုင်မှုဘဝကို ကူညီပံ့ပိုးပေးမည့် စေတနာ့ဝန်ထမ်းဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် နေထိုင်ရာ၌ မသိနားမလည်သည့်ကိစ္စများနှင့်ပတ်သက်ပြီး ဂျပန်ဘာသာနှင့် နိုင်ငံခြားဘာသာစကားတို့သုံးကာ အထောက်အကူပေးပါသည်။

## ဖူကူအိုကာ Support

"ဖူကူအိုကာ Support" ဆိုသည်မှာ ဖူကူအိုကာမြို့မှ ပြုလုပ်ထားသော အဆင်ပြေလွယ်ကူသည့် ပေါ်တယ်လ်ဆိုက် ဖြစ်ပါသည်။ အားလုံးနှင့် ကိုက်ညီသောသတင်းအချက်အလက်များကို အလိုအလျောက် အသိပေးခြင်း၊ ဝန်ဆောင်မှုအမျိုးမျိုးပေးအပ်ခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။

# အမှိုက်စွန့်ပစ်နည်း

## ဖူကူအိုကာမြို့တွင် အမှိုက်စွန့်ပစ်နည်းအတွက် စည်းကမ်းများရှိပါသည်။

ဖူကူအိုကာမြို့၏ အမှိုက်အိတ်အမျိုးအစား 3 ခုကိုဝယ်ယူပြီး အမှိုက်များကို ခွဲခြားပြီး စွန့်ပစ်ပါ။ ကွန်ဗီနီနှင့် စူပါမားကတ်များ၌ ရောင်းချလျက်ရှိပါသည်။




လောင်ကျွမ်းနိုင်သောအမှိုက် | မလောင်ကျွမ်းနိုင်သောအမှိုက် | ပုလင်းအလွတ် / ပလတ်စတစ်ပုလင်း

အမျိုးအစားအလိုက် စွန့်ပစ်နိုင်သောနေ့ရက်များ သတ်မှတ်ထားပါသည်။ နေဝင်ပြီးအချိန်မှညသ၂နာရီအတွင်းပစ်ပါ။ နေထိုင်လျက်ရှိသည့်နေရာ၌ စွန့်ပစ်ရမည့်နေရာ သတ်မှတ်ထားပါသည်။

အသေးစိတ်စည်းကမ်းများကို နောက်ကျောဘက်ရှိ QR ကုဒ်မှတစ်ဆင့် အတည်ပြုနိုင်ပါသည်။

**သတိပြုရန်**

**မီးဘေးဖြစ်စေနိုင်သည့် အရာများကို မစွန့်ပစ်ရပါ။**
**ဓာတ်ငွေ့ကျန်နေသေးသော စပရေးဘူးများနှင့် တစ်ခါသုံးဂတ်စ်ဘူးများ**
**လစ်သီယမ်အိုင်းယွန်းဓာတ်ခဲသုံးထားသော ထုတ်ကုန်များ**

# စက်ဘီးအတွက် စည်းကမ်းများ

## 1 တားမြစ်ထားသော စီးပုံစီးနည်း

| | |
|---|---|
| အရက်သောက်မောင်းနှင်ခြင်း | လက်ကိုင်ဖုန်းအသုံးပြုခြင်း |
| ဘေးချင်းယှဉ်၍စီးခြင်း | ထီးဆောင်း၍မောင်းနှင်ခြင်း |
| နားကျပ်အသုံးပြုခြင်း | နှစ်ယောက်စီးခြင်း |

## 2 စက်ဘီးရပ်သည့်နေရာ

စက်ဘီးရပ်မည့်အခါ စက်ဘီးစတန်း၌ ရပ်ပါ။ စက်ဘီးစတန်းမဟုတ်သည့်လမ်းစသည်တို့၌ ရပ်ထားခဲ့သော စက်ဘီးများကို "စည်းကမ်းမဲ့ရပ်ထားခဲ့သည့်စက်ဘီး" အဖြစ်သတ်မှတ်ပြီး သိမ်းယူပါမည်။ စည်းကမ်းမဲ့ရပ်ထားသည့်စက်ဘီးများရှိပါက လမ်းလျှောက်သည့်သူများနှင့် ဝှီးချဲသုံးသည့်သူများ လမ်းဖြတ်သန်းသွားလာရန် အဆင်မပြေနိုင်ပါ။

စက်ဘီးစတန်းပြမြေပုံ

## 3 စည်းကမ်းမဲ့ ရပ်ထားသော စက်ဘီးများကို သိမ်းယူခြင်း

သိမ်းယူခဲ့သော စည်းကမ်းမဲ့ရပ်ထားသည့်စက်ဘီးများကို စက်ဘီးထိန်းသိမ်းသည့်နေရာသို့ ရွှေ့ပြောင်းသယ်ယူပါမည်။ စက်ဘီးပိုင်ရှင်ကို သိရပါက အကြောင်းကြားပါမည်။ ရွှေ့ပြောင်းပြီးနောက်နှင့် ထိန်းသိမ်းပြီးနောက် 1 လ ကြာသော်လည်း ပြန်ရွေးမည့်သူမရှိသောစက်ဘီးများကို စွန့်ပစ်ဖြေရှင်းပါမည်။ သိမ်းယူခံလိုက်ရသော စက်ဘီးကို ပြန်ရွေးလိုသည့်အခါ ရွှေ့ပြောင်းသယ်ယူထိန်းသိမ်းစရိတ်အနေနှင့် ယန်း 2,500 ပေးချေရန် လိုအပ်ပါသည်။

သိမ်းယူခံရသော စက်ဘီးနှင့် စပ်လျဉ်း၍

**သတိပြုရန်** စက်ဘီး အသုံးပြုသည့်အခါ စည်းကမ်းမလိုက်နာပါက အဖမ်းခံရခြင်း၊ ဒဏ်ရိုက်ခံရခြင်း၊ စက်ဘီးသိမ်းယူခံရခြင်း ရှိနိုင်ပါသည်။

# ဖူကူအိုကာမြို့၏ ဆေးလိပ်သောက်သုံးမှုစည်းမျဉ်း

RULES

## ဖူကူအိုကာမြို့တွင် အပြင်၌ ဆေးလိပ်မသောက်ရန် တားမြစ်ထားသည့်နေရာများ ရှိပါသည်။

လမ်းလျှောက်နေစဉ်နှင့် စက်ဘီးစီးနေစဉ်အတွင်း ဆေးလိပ်မသောက်ပါနှင့်။ အထူးသဖြင့် တဲန်းဂျင်းနှင့် ဒိုင်းမြော နယ်မြေများနှင့် ဟာခါ့တာ့ဘူတာနယ်မြေတို့၌ လမ်းပေါ်တွင် ဆေးလိပ်မသောက်ရပါ။
အပြင်ဘက်၌ ဆေးလိပ်သောက်ပြီးပါက မြေကြီးပေါ်သို့ လွှင့်မပစ်ဘဲ ဆေးလိပ်ပြာခွက် သို့မဟုတ် ထည့်စရာခွက်များထဲသို့ စွန့်ပစ်ပါ။

# ဂျပန်နိုင်ငံ၏ လိုက်နာစောင့်ထိန်းရမည့် အမူအကျင့်များ

## အသံများကို သတိပြုခြင်း

စကားပြောဆိုမှုနှင့် သီချင်းသံများကို သတိထားပြီး အထူးသဖြင့် ညပိုင်းတွင် အသံကျယ်ကျယ် မထွက်စေဘဲ အသံတိုးတိုးဖြင့်သာ စကားပြောပါ။

## အသွားအလာများကို အနှောင့်အယှက်မဖြစ်စေရပါ

အားလုံးအသုံးပြုသည့်နေရာ (လူသွားလမ်းစသည်) တွင် အခြားသူများကို အနှောင့်အယှက်မဖြစ်စေရန် သတိပြုပါ။

# သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍

ဘာသာစကား 24 မျိုးဖြင့် လက်ခံဆောင်ရွက်ခြင်း

## ဖူကူအိုကာမြို့ သဘာဝဘေးဖြစ်ပွားချိန်အတွက် နိုင်ငံခြားသားများအား သတင်းအချက်အလက် ကူညီပံ့ပိုးရေးစင်တာ

ကြီးမားသည့်သဘာဝဘေးဖြစ်ပွားသည့်အချိန်တွင် "Fukuoka City International Foundation" ၌ ဖူကူအိုကာမြို့ သဘာဝဘေးဖြစ်ပွားချိန်အတွက် နိုင်ငံခြားသားများအား သတင်းအချက်အလက် ကူညီပံ့ပိုးရေးစင်တာကို ဖွင့်လှစ်ထားရှိပေးပါသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်နှင့် ဘေးရှောင်ခြင်းတို့နှင့်စပ်လျဉ်းပြီး မသိသည့်အရာများရှိပါက ဆက်သွယ်ပါ။

**092-262-1799**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ နောက်ဆုံးရသတင်းအချက်အလက်များ (ဖူကူအိုကာမြို့ အင်တာနက်စာမျက်နှာ)

ကြီးမားသည့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့်အခါ အန္တရာယ်ရှိသည့်နေရာနှင့် ဘေးကင်းသည့် ဘေးရှောင်စခန်းတို့၏ နောက်ဆုံးရသတင်းအချက်အလက်များကို သိရှိနိုင်မည့် စာမျက်နှာဖြစ်ပါသည်။

## နိုင်ငံခြားသားများအတွက် သဘာဝဘေးကာကွယ်ရေး လက်စွဲစာအုပ်

ဂျပန်နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့်အခါ၌ လုပ်ဆောင်ရမည့်ကိစ္စများဖြင့် မိတ်ဆက်ပေးထားပါသည်။ သဘာဝဘေးအန္တရာယ် = ငလျင် မိုးသည်းထန်စွာရွာသွန်းခြင်း တိုင်ဖွန်းမုန်တိုင်း မြေပြိုခြင်း မီးလောင်ခြင်း စသည်တို့ ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီတွင် ဤလက်စွဲစာအုပ်ကို ကြိုတင်ဖတ်ထားပါ။ ကြိုတင်ပြင်ဆင်ထားပါ။

အကြောင်းအရာအသေးစိတ်ကို QR ကုဒ်မှတစ်ဆင့် အတည်ပြုနိုင်ပါသည်။

Fukuoka City Website Multilingual Portal

# အမှိုက်စွန့်ပစ်ရန်အတွက် စည်းကမ်းများကို သိထားကြပါစို့။

အမှိုက်စွန့်ပစ်ရမည့်နေ့ရက်ကို ရေးမှတ်ထားပါက အဆင်ပြေနိုင်ပါမည်။

ဒေသအသီးသီးအတွက် အမှိုက်စွန့်ပစ်ရမည့်နေ့ရက်များဖြင့် မိတ်ဆက်ပေးပါမည်။

ဖူကူအိုကာမြို့၏ အမှိုက်စွန့်ပစ်နည်းဖြင့် မိတ်ဆက်ပေးထားပါသည်။

နိုင်ငံခြားဘာသာစကားဖြင့် ဖုန်းဖြင့်စုံစမ်းမေးမြန်းခြင်း

**092-753-6113**

**သတိပြုရန်**

**အားပြန်သွင်းပြီးအသုံးပြုရသည့်ဓာတ်ခဲများနှင့် အားသွင်းပြီးအသုံးပြုရသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းအသေးစားများကို အမှိုက်အိတ်ထဲ မထည့်ရပါ။**

ဥပမာ



စမတ်ဖုန်း တက်ဘလက် | ပါဝါဘန့်ခ် | ကြိုးမဲ့နားကြပ် | ဆေးရွက်ကြီးအပူပေးစနစ်သုံး စီးကရက် အီလက်ထရွန်နစ်စီးကရက် | သန့်ရှင်းရေးသုံးရိုဘော့ ကြိုးမဲ့သန့်ရှင်းရေးစက်

◎လျှပ်စစ်အမွေးရိတ်စက် ◎လျှပ်စစ်သွားတိုက်တံ ◎လက်ကိုင်ပန်ကာ ◎လက်ကိုင်ဂိမ်းစက် • • •

စွန့်ပစ်ရမည့်နည်းလမ်းကို ဤနေရာ၌ အတည်ပြုနိုင်ပါသည်။

ကွန်ပျူတာ၊ တီဗွီ၊ အဲကွန်း၊ ရေခဲသေတ္တာ၊ ဖရီဇာ၊ အဝတ်လျှော်စက်၊ အဝတ်အခြောက်ခံစက်တို့ကို မလောင်ကျွမ်းနိုင်သောအမှိုက် သို့မဟုတ် အကြီးစားအမှိုက်အဖြစ် စွန့်ပစ်ခြင်း မပြုနိုင်ပါ။

# လောင်ကျွမ်းနိုင်သောအမှိုက်




**အပတ်စဉ် ☐ ☐ နေ့၏ည**



မီးဖိုချောင်အမှိုက် (ရေစစ်ထားပါ) | သားရေပစ္စည်းများ (ဖြုတ်ရခက်သောသတ္တုများကိုမူလအတိုင်းထားနိုင်ပါသည်) | ပလတ်စတစ်ပစ္စည်းများ | သစ်သားနှင့်ဝါး ထုတ်ကုန်များ




စက္ကူ | အဝတ် | ရာဘာ | ရေခဲခြောက် | စက္ကူဒိုင်ဘာ

# မလောင်ကျွမ်းနိုင်သောအမှိုက်




**လစဉ် ☐ ကြိမ်မြောက် ☐ နေ့၏ည**



အလူမီနီယမ်စည်သွပ်ဗူးများ၊ စတီးစည်သွပ်ဘူးများ | ထီး | မီးချောင်း | စပရေးသံဘူးများ၊ တစ်ခါသုံးဂတ်စ်ဘူးများ (အတွင်းမှပစ္စည်းကို အကုန်သုံးပြီးသွားပါက အပေါက်ဖွင့်ရန် မလိုပါ) | ဖန်ထည်ပစ္စည်းများ | ဖန်ပုလင်းအကွဲများ (မကွဲသေးသော ဖန်ပုလင်းအလွတ်များကို "ပုလင်းအလွတ်၊ ပလတ်စတစ်ပုလင်း" ထဲသို့)



သတ္တုပစ္စည်းများ | အသေးစား အိမ်သုံးလျှပ်စစ်ပစ္စည်းများ | ကြွေထည်များ | ဓာတ်ခဲခြောက် (*ဓာတ်ခဲငုတ်နေရာကိုသာ တိတ်ဖြင့်ကပ်ရပါမည်) | မြေကြီး (ပန်းအိုးထဲ၌သုံးသော)

# ပုလင်းအလွတ် / ပလတ်စတစ်ပုလင်း




**လစဉ် ☐ ကြိမ်မြောက် ☐ နေ့ည**

**Yes**

PET အမှတ်အသားပါသော သောက်စရာထည့်သည့် ဘူးခွက်များ

စားစရာ၊ သောက်စရာများ၏ ပုလင်းခွံများ

**No**

အမှတ်အသားပါသော ဘူးခွက်များကို "လောင်ကျွမ်းနိုင်သောအမှိုက်" ထဲသို့ စွန့်ပစ်ပါ

ကွဲနေသော ပုလင်းခွံများကို "မလောင်ကျွမ်းနိုင်သောအမှိုက်" ထဲသို့ စွန့်ပစ်ပါ



# အကြီးစားအမှိုက်

အကြီးစားအမှိုက်ဆိုသည်မှာ အိမ်ထောင်ပရိဘောဂနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းစသည်တို့ဖြစ်ပြီး သတ်မှတ်အိတ် 1 လုံးအတွင်း၌ မဝင်ဆံ့နိုင်သော အရွယ်အစား၊ အလေးချိန်တို့ရှိသည့်အရာ ဖြစ်ပါသည်။

**အကြီးစားအမှိုက် လက်ခံစင်တာ**

**092-731-1153**

လက်ခံသည့်အချိန် တနင်္လာမှ စနေ (အများပြည်သူရုံးပိတ်ရက်များအပါအဝင်) 9:00～17:00